## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၁၆–၉–၂၀၁၄ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၁ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်မြင့်၊ ပေါင် မဲဆန္ဒနယ်၏ **ပေါင်မြို့ဘူတာအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်မြင့်သိန်း၊ ပေါင်းတည် မဲဆန္ဒနယ်၏ **လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်၍ မည်ကဲ့သို့ စီမံ ဆောင်ရွက်ထားသည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းလှကျော်၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ်တွင် စက်မှုဝန်ကြီးဌာနအောက်ရှိ ဗာဂျီးနီးယား ဆေးလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်ခဲ့သော ဆေးပေါင်းစခန်း နေရာများကို မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ လွှဲအပ်ပေးနိုင်မည့် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့ ချည်မျှင်နှင့် အထည်စက်ရုံမှ ပိုလျှံသိမ်းဆည်းမြေများကို ထပ်မံ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်ရှိ စီမံကိန်းအတွက် အသုံးပြုခဲ့သော ဧက(၃၀၀)ခန့်အတွက် နစ်နာခဲ့သော တောင်သူများအား နစ်နာကြေးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးမြို့နယ်ရှိ နန်ပုတ်ချောင်းမှ အလတ်စားရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်း တိုင်းတာပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **သံလွင်မြစ်ပေါ်တွင် စက်တပ်ဆင် အင်အား ၇၀၀၀ မဂ္ဂါဝပ်ရှိသည့် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်း (တာဆန်း) ဆောင်ရွက်ထားရှိမှု** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တစ်နယ်လုံး လျှပ်စစ်မီးများ ကောင်းမွန်စွာ ရရှိရန် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်၊ င/မန်းရဲကျွန်းရှိ အစိုးရတာတမံ ပြီးမြောက်ရေးနှင့် တာတမံအတွင်းရှိ ပုစွန်ကန် ပြဿနာများ ရှင်းလင်းပေးပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **ချောင်းဆုံမြို့နယ်ရှိ တောင်သူ လယ်သမားများ တွေ့ကြုံနေရသော ရေကြီးရေလျှံခြင်းဒုက္ခများ အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဆည်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနက **" မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်း"** ကိုတင်သွင်းခြင်း၊

၇။ **" မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **" မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ၁၁ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။